# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 23 , 2025 Volume 97 , Number 16


၂၃-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၄.၂၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၀၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၇.၀၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၂၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၇၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## လယ်ယာသုံးစက်ကိရိယာပြပွဲ စတင်ကျင်းပ



စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာများလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပတဲ့ လယ်ယာသုံးစက်ကိရိယာပြပွဲကို ဒီဇင်ဘာ ၂၂ ရက်ကနေ ၂၄ ရက်အထိ နေပြည်တော်စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)မှာ ကျင်းပခဲ့ပါတယ်။

ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးတွေဖြစ်ကြတဲ့ ဒေါက်တာကံဇော်၊ ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနဲ့ တာဝန်ရှိသူတွေ၊ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေတက်ရောက်ခဲ့ကြပါတယ်။

ပြပွဲဖွင့်ပွဲအခမ်းအနားမှာ မြန်မာနိုင်ငံအနေနဲ့မြေပြုပြင်တာနဲ့ စပါးရိတ်သိမ်းခြွေလှေ့တဲ့လုပ်ငန်းတွေမှာ စက်ကိရိယာတွေကို အထိုက်အလျောက် သုံးစွဲနေကြပြီဖြစ်ပေမဲ့ သီးနှံစိုက်ပျိုးတာ၊ အပင်ပြုစုတာ၊ စပါးအပြင်တခြားသီးနှံတွေ ရိတ်သိမ်းခြွေလှေ့တာ၊ သီးနှံအခြောက်ခံတာစတဲ့ တခြားစိုက်ပျိုးရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာတော့ စက်ကိရိယာကိုအသုံးပြုမှုဟာ အစပျိုးတဲ့ အဆင့်မှာပဲရှိသေးပြီး စိုက်ပျိုးရေးလုပ်ငန်းစဉ် အဆင့်တိုင်းမှာအသုံးပြုဖို့ လယ်ယာသုံးစက်ကိရိယာတွေ မြောက်မြားစွာလိုအပ်နေသေးတယ်လို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောပါတယ်။

အဲဒီပြပွဲမှာ လယ်ယာသုံးစက်ကိရိယာတွေကို မိတ်ဆက်သရုပ်ပြသွားမှာဖြစ်ပြီး တောင်သူတွေကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးသွားမှာဖြစ်သလို အရစ်ကျစနစ်နဲ့လည်း ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ပြပွဲမှာတော့ မြေယာပြုပြင်ခြင်းလုပ်ငန်းသုံးထွန်စက်ကြီးတွေ၊ နောက်တွဲကိရိယာတွေ၊ မျိုးစေ့ချ ကိရိယာနဲ့ ကြားပေါင်းလိုက်စက်တွေ၊ ဆေးဖြန်းကိရိယာတွေ၊ စပါးရိတ်သိမ်းခြွေလှေ့စက်တွေ၊ ကောက်ရိုးထုံးစက်တွေ၊

### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

| | |
|---|---|
| ဖုန်း | ၀၁-၃၇၁၂၀၄ |
| | ၀၁-၃၇၆၄၁၆ |
| | ၀၁-၃၇၆၄၉၀ |
| ဖက်စ် | ၀၁-၃၇၆၄၁၆ |

http://www.myantrade.gov.mm

စပါးအခြောက်ခံစက်တွေ၊ အာလူးစိုက်စက်၊ အာလူးဖော်စက်၊ ပီလောပီနံစိုက်စက်၊ ပြောင်းရိတ်စက်စတဲ့ စက်ကိရိယာ အမျိုးအစားပေါင်း ၃၀၀ ကျော်ကို ကုမ္ပဏီပေါင်း ၂၂ ခုက ပြခန်းပေါင်း ၃၀ ဖွင့်လှစ်ပြီး ပြသထားတယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## ခရမ်းချဉ်သီးဈေး စံချိန်တင်မြင့်တက်ပြီး တစ်ပိဿာ ကျပ် ၁၂,၀၀၀ အထိရှိခဲ့



ပြည်တွင်း ကုန်စိမ်းဈေးကွက်အတွင်း ခရမ်းချဉ်သီး အဝင်နည်းပြီး ဝယ်လိုအားများနေခြင်းကြောင့် ဈေးနှုန်း ဆက်တိုက်မြင့်တက်လာပြီးတစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်အထိရှိခဲ့ကြောင်း ကုန်သည်များနှင့်ပွဲရုံများထံကသိရသည်။

ရှမ်းတောင်ဒေသတွင်ခရမ်းချဉ်သီး အထွက်နှုန်းလျော့ကျပြီး လက်ရှိပြည်မအတွင်း ခရမ်းချဉ် စိုက်ခင်းများသည်လည်း ခူးဆွတ်ချိန် မရောက်သေးသည့်အတွက် ရောင်းလိုအားနှင့် ဝယ်လိုအားမမျှခြင်းကြောင့်ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။။

လက်ရှိ လက်လီဈေးကွက်အတွင်း ကိုင်းသီး (ခေါ်)ကျားခြေရာသီး (ခေါ်) ဗမာသီးတစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာပြီးပုံမှန်ခရမ်းချဉ်သီးတစ်ပိဿာလျှင် ၈၀၀၀ ကျပ်အထိဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

"ရှေ့လတွေတုန်းက အရင်းမရလို့ အကုန်လွှင့်ပစ်လိုက်ရတဲ့ အဆင့်ရောက်ခဲ့ရတယ်။ အဲဒါပြီးမှ အဝယ်ပြန်လိုက်လာတဲ့အခါကျတော့ ခရမ်းချဉ်ကမရှိတော့ဘူး။ ခရမ်းချဉ်သီးက လိုချင်သူများတော့ လေလံဆွဲသလိုဖြစ်ပြီး လိုချင်သူတွေက ဈေးလိုက်ရင်း တက်သွားတာ။ အဓိက ပစ္စည်းအဝင်နည်းလို့ပါ။ တောင်ပေါ်ဒေသက အထွက်နှုန်းလျော့ကျပြီး နည်းသွားတယ်။ ပြည်မကလည်းမထွက်သေးဘူးဆိုတဲ့အခါကျတော့ လက်ကျန်ခရမ်းချဉ်ကိုဝိုင်းဆွဲကြတော့အဲဒီမှာဈေးထိုးတက်သွားတာပေါ့။ကျားခြေရာသီး၊ ကိုင်းသီးလို့လည်း ခေါ်တယ်။ သူက မုံရွာဘက်က ထွက်တာများတယ်။ ရှမ်းတောင်က နည်းတယ်။ အင်းလေးမှာ စိုက်ပေမဲ့ ပြည်မထက်တော့ နည်းပါတယ်။ အထွက်နှုန်းနည်းပြီး ဝယ်လိုအားများလို့ ဈေးတက်တာပါ"ဟု အောင်ပန်းမြို့ခံ ကုန်စည်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးကပြောသည်။

လက်ရှိမှာ ခရမ်းချဉ်စိုက်ခင်း လက်ကျန်ရှိသည့် တောင်သူများမှာ ခရမ်းချဉ်သီးဈေးနှုန်း မြင့်တက်လာသောကြောင့် အကျိုးအမြတ်ရရှိနေကြောင်း သိရသည်။

"ခရမ်းချဉ်က ဒီဇင်ဘာကုန်လောက်အထိတော့တက်နိုင်တယ်။ဒီအခု ခရမ်းချဉ်သီးလက်ကျန်သမားကတော့ ကိုက်တာပေါ့။ ရှေ့လကရောင်းကုန်ပြီးသူနဲ့လွှင့်ပစ်ပြီးခဲ့ရသူတွေကတော့မျက်ရည်နဲ့ပေါ့အရှုံးပေါ့လေ"ဟုၚင်းကပြောသည်။

လွန်ခဲ့သည့် ဩဂုတ်လအတွင်း ခရမ်းချဉ်သီး တစ်ပိဿာလျှင် ရာဂဏန်းအထိဈေးနှုန်း ကျဆင်းခဲ့သောကြောင့် ရှမ်းတောင်ရှိ ခရမ်းချဉ်စိုက်တောင်သူများအနေဖြင့် ခရမ်းချဉ်သီးများလွှင့်ပစ်ရသည်အထိ အရှုံးနှင့်ကြုံတွေ့ခဲ့ကြရကြောင်း သိရသည်။

"အခုရောင်းရတဲ့သူတွေကတော့ ကိုက်တာပေါ့ ။ လက်လီမှာသာ ဈေးက တအားတက်နေတာ။ တောင်သူရောင်းရတဲ့ ဈေးက ၄၀၀၀ ဝန်းကျင်လောက်ပဲ ရှိမယ်။ အကြီးအသေး ခွဲပြီးမှဆိုရင်တော့ ဈေးတစ်မျိုးပေါ့။ အရင်လို တစ်ပိဿာ ၅၀၀ ၊ ၆၀၀ ထက်တော့ တော်တော်လေး အဆင်ပြေပါတယ်။ အခုက ခရမ်းချဉ်ရှားနေပြီ"ဟု ရှမ်းတောင်ခရမ်းချဉ်စိုက် တောင်သူတစ်ဦးကပြောသည်။

လက်ရှိ ရှမ်းပြည်နယ် အောင်ပန်းကုန်စည်ဈေးကွက်အတွင်း ပွဲရုံရောင်းဈေးသည် ခရမ်းချဉ်ဂွတ်သီး တစ်ပိဿာလျှင် ၅၃၀၀ ကျပ်၊ ခရမ်းချဉ်ရှယ်သီးတစ်ပိဿာလျှင် ၄၈၀၀ ကျပ်နှင့် ခရမ်းချဉ်အသေးသီးကို ၄၀၀၀ ကျပ် အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

လွန်ခဲ့သော ဒီဇင်ဘာလ ၁ ရက်က ရှမ်းပြည်နယ် အောင်ပန်းကုန်စည် ဈေးကွက်အတွင်း ပွဲရုံရောင်းဈေးသည် ခရမ်းချဉ်ဂွတ်သီး တစ်ပိဿာ ၄၀၀၀ ကျပ် ၊ ခရမ်းချဉ် ရှယ်သီး တစ်ပိဿာ ၃၅၀၀ ကျပ်နှင့် ခရမ်းချဉ် အသေးသီးမှာ ၃၃၀၀ ကျပ် အသီးသီးရှိခဲ့ကြောင်းသိရသည်။

**Source :** https://npnewsmm.com/

## ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ အအေးခန်းစက်ရုံမှ ရေချိုနှင့်ရေငန် ငါး/ပုစွန်များအားအေးခဲ၍ တရုတ်အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိ



ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ အအေးခန်းစက်ရုံများ၌ ထုတ်လုပ်သည့် ရေချိုနှင့် ရေငန် ငါး/ ပုစွန်များအား အေးခဲ၍ တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ ဟုန်ရှန်ကုမ္ပဏီလီမိတက်အအေးခန်းစက်ရုံအတွင်း Normal System နဲ့ CNP System များဖြင့် ရေချိုနဲ့ ရေငန်ငါးပုစွန်များ အေးခဲပြီး တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ ၊ဗီယက်နမ်နဲ့ ဂျပန် နိုင်ငံများ သို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

ထို့အတူ Ocean World အအေးခန်း စက်ရုံအတွင်း ပြည်ကြီးငါး၊ ပုစွန်၊ ငါးတံခွန်၊ ငါးသလဲထိုး၊ ငါးမုတ်၊ ငါးတီး၊ ငါးခေါင်းပွ၊ ငါးမုတ်ဖြူ၊ ငါးရွှေ၊ ငါးပုတ်သင်တို့ကို အေးခဲပြုပြင်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက် နေခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ အအေးခန်းစက်ရုံများအတွင်း ရေချိုနဲ့ရေငန်ငါးပုစွန်များကို ပြည်ပသို့ တင်ပို့နိုင်ရန် ပြုပြင်ထုပ်ပိုး သိုလှောင်ထားကာ လေလွင့်မှုမရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရပါတယ်။

အအေးခန်းစက်ရုံ အတွင်း မှ ထွက်ရှိတဲ့ ရေချိုနဲ့ရေငန်ငါးပုစွန်များကို နိုင်ငံတကာဈေးကွက်မှာ အကောင်းဆုံး ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရန် Food Safety System များနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့ပြင် ပြည်ပပို့ကုန်များအား နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများနဲ့အညီ အရည်သွေးမြင့်ထုတ်ကုန် များထုတ်လုပ်နိုင်ရေးအတွက်လည်း ကျွမ်းကျင်လုပ်သမားများပေါ်ထွက်လာစေရန် သင်တန်းများဖွင့်လှစ်ပေး ခြင်းနဲ့ ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်စည်းကမ်းများနဲ့အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## ပေါ်ဦးပေါ်ဖျား ဝက်မြေဥများ ဈေးနှုန်းအဆမတန်မြင့်တက်နေ




ပေါ်ဦးပေါ်ဖျားဝက်မြေဥဈေးနှုန်းများမှာ ယခင်နှစ်ကထက်ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ကြောင်း မန္တလေးဒေသခံများက ဆိုပါတယ်။

အညာဒေသထွက် လူကြိုက်များသည့် ရာသီပေါ်သီးနှံ ဝက်မြေဥများမှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကစတင်ကာ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာခြင်းဖြစ်ပါတယ်။

"ဈေးနှုန်းကတော့ တော်ရုံဝယ်စားနိုင်လောက်တဲ့အနေအထားမဟုတ်တော့ဘူး။ အရင်ကအခုလို ပေါ်ဦးပေါ်ဖျားဆိုရင် အလုအယက်ဝယ်စားကြတာ။ အခုတော့ ဝယ်တဲ့သူသိပ်မတွေ့ရဘူး။ကိုယ်တိုင်လည်း ဝယ်မစားနိုင်ဘူး"ဟု အောင်မြေသာစံမြို့နယ်မှ အိမ်ရှင်မတစ်ဦးကပြောပါတယ်။

လက်ရှိအချိန်တွင် ဝက်မြေဥတစ်ပိဿာကို လက်လီဈေး ငွေကျပ် ၂၀,၀၀၀ ဝန်းကျင်ရှိနေကြောင်း ဒေသခံများကဆိုပါတယ်။

ယခင်နှစ်များက အလားတူကာလအတွင်းဝက်မြေဥဈေးနှုန်းများမှာ တစ်ပိဿာကို ငွေကျပ် ၆၀၀၀ မှ ၁၀,၀၀၀ ကျပ်ကြားသာ ရှိခဲ့ကြောင်းသိရပါတယ်။

Source : https://opinionleadersmedia.com/

## ညှော်မထဆန်(ဟောင်း)၊ ညှော်မထဆန်(သစ်)နှင့် ပေါ်ဆန်းမွှေးဆန် ဈေးများတည်ငြိမ်လျက်ရှိပြီး ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4) နှင့် ဖွဲနုဈေးများမြင့်တက်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန် ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၁၅.၁၂.၂၀၂၅ ရက်နေ့တွင် ညှော်မထ ဆန်(မနောသုခ)(ဟောင်း)တစ် အိတ် ၆၅,၀၀၀ ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ် အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၀,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၂၆,၄၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

(၂၂.၁၂.၂၀၂၅)ရက်နေ့တွင် ညှော်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညှော်မထဆန်(မနောသုခ) (သစ်) တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၆,၅၂၀ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဆန်ကွဲB(1,2)တစ်အိတ် ၂၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၂၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်၁၂၀ကျပ်ဈေးများမြင့်တက်ကာ ညှော်မထဆန်(မနောသုခ)(ဟောင်း)၊ ညှော်မထဆန်(မနောသုခ)(သစ်) နှင့်ပေါ်ဆန်းမွှေးဆန် ဈေးများတည်ငြိမ်လျက်ရှိသည်။

ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးများမြင့်တက်သွားခြင်းမှာ ဆန်လက်ကျန်များ၍ စပါးကြိတ်ခွဲမှုနည်းသွားကာ ဆန်ကွဲ၊ ဖွဲနုလက်ကျန်များ နည်းသွားပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့တွင် ပထမအကြိမ် ပန်းပွဲတော်ကျင်းပမည်



ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့ မောမြေဦးပန်းခြံတွင် ပထမအကြိမ် ပန်းပွဲတော်ကို၁၅ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။

"ကလောမြို့ မောမြေဦးပန်းခြံတွင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ပထမအကြိမ် ပန်းပွဲတော်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း"သိရသည်။

အဆိုပါပန်းပွဲတော်အတွင်း နိုင်ငံခြားဖြစ် ပန်းမျိုးစိတ်များ အပါအဝင် ဒေသထွက်ပန်းမျိုးစိတ်များ ပါဝင်ပြီး သစ်ခွ ဥယျာဉ်နှင့် ပန်းအမျိုးအစား အများအပြား ပြသသွားမည်ဖြစ်သည်။

စာကြည့်တိုက်တွင် စာအုပ်စာစောင်များ အနားယူဖတ်ရှုလေ့လာနိုင်ပြီး၊ အလှဓာတ်ပုံများ ရိုက်ကူးရန် နေရာများစွာ ပါဝင်သည့်အပြင် အားကစားလေ့ကျင့်ခန်းပြုလုပ်ရန် အားကစားကွင်းနှင့်ကလေးကစားကွင်းများ၊ ဒေသထွက်အစားအစာများ ပါဝင်သွားမည်ဟုသိရသည်။

အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့်ပန်းချစ်သူများအနေဖြင့် ကလောမြို့ပန်းပွဲတော်ကို ဝင်ကြေးအခမဲ့လာရောက် လည်ပတ် အပန်းဖြေလေ့လာနိုင်ကြောင်း ကလောမြို့၊ မောမြေဦးပန်းခြံတာဝန်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

Source: https://www.npnewsmm.com

## တရုတ်နိုင်ငံ၏ အကောက်ခွန်မဲ့မူဝါဒသည် ယူဂန်ဒါကော်ဖီတင်ပို့မှုအတွက် အခွင့်အလမ်းသစ်များဖွင့်လှစ်ပေး

အာဖရိကကုန်ပစ္စည်းများအတွက် တရုတ်နိုင်ငံ၏ အကောက်ခွန်မဲ့ မူဝါဒကို တိုးချဲ့ခြင်းသည် ယူဂန်ဒါ၏ ကော်ဖီတင်ပို့မှုနှင့် အိမ်ထောင်စု ဝင်ငွေများ တိုးမြင့်လာရန် မျှော်လင့်ထားကြောင်း ယူဂန်ဒါ ကော်ဖီလုပ်ငန်းရှင် ဦးဆောင်သူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။



ယူဂန်ဒါနိုင်ငံ အနောက်ဘက်ပိုင်း Ntungamo ခရိုင်ရှိ အာဖရိက ကော်ဖီပန်းခြံကို ပိုင်ဆိုင်သည့် Inspire Africa Group ၏ အမှုဆောင်အရာရှိချုပ် Nelson Tugume က တရုတ်နိုင်ငံ၏ မူဝါဒသစ်သည် အာဖရိကထုတ်ကုန်များအပေါ် စည်းကြပ်ခွန်များ ဆက်လက်ကောက်ခံနေသည့် ဈေးကွက်များနှင့်နှိုင်းယှဉ်ပါက ပိုမိုအဆင်ပြေသော စီးပွားရေးပတ်ဝန်းကျင်ကို ပေးစွမ်းနိုင်သည်ဟု ပြောကြားခဲ့သည်။

၂၀၂၄ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ တရုတ်နိုင်ငံသည်၎င်းတို့၏ထုတ်ကုန်များ၏ ၁၀၀ ရာခိုင်နှုန်းအပေါ် အာဖရိက နိုင်ငံ၃၃ နိုင်ငံအပါအဝင်သံတမန်ဆက်ဆံရေးရှိသည့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးခဲ့သည်။

တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးရှိသည့် အာဖရိကနိုင်ငံ ၅၃ နိုင်ငံစလုံးအတွက် အကောက်ခွန်စည်းကြပ်မှု ၁၀၀ ရာခိုင်နှုန်းကို အကျုံးဝင်စေရန် အကောက်ခွန်မဲ့ အကောက်ခွန်သက်တမ်းတိုးမှုကို နောက်ပိုင်းတွင် ကြေညာခဲ့သည်။

ကော်ဖီထုတ်လုပ်သည့် နိုင်ငံများတွင် တရုတ်၏ ကော်ဖီဝယ်လိုအား မြင့်တက်လာမှုနှင့် အဆိုပါမူဝါဒသည် ယူဂန်ဒါ လယ်သမားများအတွက် အချိန်နှင့်တစ်ပြေးညီ အခွင့်အလမ်းကို ဖန်တီးပေးသည်ဟု Tugume မှ ပြောကြားခဲ့သည်။

Tugume က Inspire Africa မှ ဝန်ထမ်း ၄၀ ကျော်သည် တရုတ်နိုင်ငံမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိပြီးနောက် မကြာသေးမီကမှ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း Tugume မှ ပြောကြားခဲ့သည်။

ကော်ဖီထုတ်လုပ်သည့် စက်များတွင် အသုံးပြုသည့် နည်းပညာများကို ကျွမ်းကျင်ရန် နောက်ထပ် ဝန်ထမ်း ၄၀ ကို တရုတ်နိုင်ငံသို့ ထပ်မံစေလွှတ်မည်ဖြစ်သည်။

ယူဂန်ဒါ၏ စိုက်ပျိုးရေး၊ တိရစ္ဆာန်စက်မှုလုပ်ငန်းနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အချက်အလက်များအရ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုသည် မတ် ၂၀၂၅ တွင် ၁၉၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အာရှတွင် တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးကော်ဖီဈေးကွက် ဖြစ်လာကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ယူဂန်ဒါ ပို့ကုန်လုပ်ငန်းရှင်များသည် China International Import Expo တွင် အမေရိကန်ဒေါ်လာ ၃ သန်းတန်ဖိုးရှိ သဘောတူညီချက်များ ရရှိခဲ့ကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အခမ်းအနားအတွင်း ယူဂန်ဒါနိုင်ငံသည် တရုတ်နိုင်ငံတစ်ဝှန်းရှိ ယူဂန်ဒါကော်ဖီကို မြှင့်တင်ရန်အတွက် တရုတ်ပုဂ္ဂလိက ကော်ဖီဆိုင်အမှတ်တံဆိပ် Cotti Coffee နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိ ဆိုင်ခွဲပေါင်း ၇၅၀၀ ကျော်ကို ဆောင်ရွက်လျက်ရှိသည့် Cotti Coffee နှင့် တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်သည်။

ကော်ဖီသည် ယူဂန်ဒါ၏ စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် အဓိကကုန်ပစ္စည်းများထဲမှ တစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရသိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

## အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုများမြင့်တက်

ဧပြီလမှ အောက်တိုဘာအတွင်း အိန္ဒိယနိုင်ငံမှ ပင်လယ်စာ တင်ပို့မှုများသည် ယခင်နှစ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံမှ ၄ ဒသမ ၆၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ဥရောပ သမဂ္ဂ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ရုရှားနှင့် Uk နိုင်ငံများထက် တင်ပို့မှုများ မြင့်တက်နေကြောင်း လေ့လာစမ်းစစ်သူများ၏ ထုတ်ပြန်ချက်များအရ သိရသည်။



EU သို့တင်ပို့မှုများသည် ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်လာပြီး ပုဇွန်တင်ပို့မှုသည် ၅၇ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ EU သို့တင်ပို့သည့် ပင်လယ်စာများကို ပင်လယ်အတွင်းငါးဖမ်းဆီးမှုများနှင့် ငါးမွေးမြူရေးလုပ်ငန်းများမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ပုစွန်နှင့်ပုစွန်ထုပ်တင်ပို့မှုများသည် အောက်တိုဘာလတွင် ၁၄ ဒသမ ၆၄ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။

အချက်အလက်များအရ အိန္ဒိယနိုင်ငံမှရုရှားနိုင်ငံသို့ ပင်လယ်စာတင်ပို့မှုများသည်မြင့်တက်လျက်ရှိကြောင်း သိရသည်။

အစိုးရအရာရှိများ၏ ပြောကြားချက်အရ အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ဈေးကွက်တစ်ခုထဲတွင် အလွန်အကျွံမှီခိုခြင်းထက် ကွဲပြားသောဈေးကွက်များသို့ တင်ပို့နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: The Economic Times**

## STOCK EXCHANGE(23.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Dec. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,438 (Shares) | 48,395,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 205 | 1,742,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,700 | +50 | +1.37% | 3,650 | 3,700 | 3,650 | 1,116 | 4,073,450 | 38,929,150 | 144,038 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 130 | 1,027,000 | 10,400,986 | 82,168 |
| FPB | 00004 | 2,450 | +50 | +2.08% | 2,400 | 2,450 | 2,400 | 3,085 | 7,409,300 | 29,664,613 | 72,678 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 619 | 1,918,900 | 12,823,224 | 39,752 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,600 | 370 | 592,200 | 19,977,223 | 31,964 |
| AMATA | 00007 | 3,900 | +100 | +2.63% | 3,700 | 3,900 | 3,700 | 102 | 377,800 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 211 | 654,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Dec. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.52 | +1.85 | +0.46% | 404.67 | 406.52 | 403.59 | 5,838 | 17,795,250 | 8 | 766,768 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:00 am, 24th Dec. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,917 (Shares) | 12,835,750 (MMK) |

| MYANPIX | 402.20 ▼ 4.32 |
|---|---|
| Total Volume (shares) | 4,917 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,624 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 200 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,450 | ▲ 0 |
| TMH | 00005 | 3,150 | ▲ 50 |
| EFR | 00006 | 1,550 | ▼ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR